# ဆုပ်ကိုင်မိတဲ့ လက်ဖဝါးတိုင်း၊ အင်အားမဖြစ်ဘူးဟေ့

ခင်မမမျိုး

တခါတရံ အားလပ်တဲ့ အချိန်လေးတွေ ကျရင် သီချင်းလေးတွေ နားထောင်ရင်း ကျွန်မရဲ့ စိတ်အစဉ်လေးတွေကို ဖြန့်ကျက်မိလေ့ ရှိပါတယ်။ ခုတလော မှာတော့ ကရင်နီ ရဲဘော်တွေ သီဆိုထားတဲ့ "ဆီဖြစ်မယ့် နမ်းတစေ့"၊ "ဖောင်ဖျက် စွန့်လွှတ် ထွက်ခဲ့"၊ "အချိန်တန်ပြီ" စတဲ့ သီချင်းလေးတွေ၊ အဆိုတော် ဇော်ပိုင် သီဆိုထားတဲ့ "လမ်းဆုံ" သီချင်းလေးနဲ့ အမျိုးသား ဒီမိုကရေစီပါတီဝင် ဒီချစ်မျိုး ရေးသားခဲ့တဲ့ ကဗျာလေးကို ဂီတအနုပညာရှင် ဦးရဲလွင်က သံစဉ်ထည့်ပြီး သီဆိုထားတဲ့ "ပန်းရဲ့လမ်း" ဆိုတဲ့ သီချင်းလေးတွေကို နားထောင်ဖြစ်ပါတယ်။ ပန်းရဲ့လမ်း သီချင်းထဲမှာ ကျွန်မ အရမ်းကြိုက်တဲ့ စာသား လေး တခုပါပါတယ်။ "ဆုပ်ကိုင်မိတဲ့ လက်ဖဝါးတိုင်း၊ အင်အားမဖြစ်ဘူးဟေ့" ဆိုတဲ့ စာသားလေးပါ။

ဒီစာသားလေးကို ကြားမိတဲ့ အခါတိုင်း ကျွန်မရဲ့ အတွေးလေးတွေက အကြောင်းအရာများစွာကို သတိရမိ သွားတတ်ပါတယ်။ ဒီအထဲမှာ လွန်ခဲ့တဲ့ ဆယ် နှစ်ကျော်က ဘုန်းကြီးပျံပွဲ ခရီးစဉ်လေး တခုလဲ ပါပါတယ်။ အဲဒီတုန်းက ကျွန်မက မန္တလေးမှာ ပညာသွားသင်နေတဲ့ အချိန်ပါ။ ဒါပေမယ့် ကျောင်းမပိတ် ရင်တောင် ကျောင်းလစ်ပြီး တလ တခါလောက် တောင်ကြီးကို ပြန်လေ့ရှိပါတယ်။ ဘာကြောင့်ရယ်လဲ မဟုတ်။ တောင်ကြီး- မန္တလေး ခရီးစဉ်လေးကို ကျွန်မ အတော်ပဲ စွဲစွဲလန်းလန်း ရှိပါတယ်။ အထူးသဖြင့် ရွှာငံလမ်းလို့ ကျွန်မတို့ ခေါ်ကြတဲ့ တောင်ကြီး- အောင်ပန်း- ရွှာငံ-ဟန်မြင့်မိုရ်- မန္တလေး လမ်း လေးကို ပါ။ ရွှာငံကနေ မန္တလေးဘက် အထွက်မှာ ရှိတဲ့ ရေးဟောင်းဘုရား တဆူကို သွားဖူးရတာ၊ စိုက်ပျိုးရေးခြံတွေကို လိုက်ကြည့်ရတာ၊ ကားလမ်း ပေါ်ကနေ လှမ်းမြင်ရတဲ့ မြစ်ရေပြင်ကြီးကို ငေးမောရတာတွေကို ကျွန်မ နှစ်သက်ပါတယ်။ ဒီဒေသထဲရောက်ရင် ကျွန်မ စိတ်တွေ လန်းဆန်းသွားတာပဲ။ ဒါကြောင့်လဲ ဒီဒေသကို ဖြတ်ပြီး တောင်ကြီးကို ခဏခဏပြန်ဖြစ်ခဲ့ပါတယ်။

တောင်ကြီးကို ပြန်ဖြစ်ရင်း တခါတလေ မြို့အနီးတဝိုက်က ရွာလေးတွေကို အလည်သွားဖြစ်ပါတယ်။ ဒီလိုနဲ့ အိမ်အပြန်ခရီး တခေါက်မှာတော့ သူငယ် ချင်းတွေက ဘုန်းကြီးပျံပွဲ တခုကို သွားကြဖို့ အဖော်စပ်တာကြောင့် သွားဖို့ စီစဉ်ဖြစ်ကြ ပါတော့တယ်။ အဲဒီမှာတင် ဘယ်လိုသွားမှာလဲ ဆိုတဲ့ ပြဿနာက စတက်လာပါတယ်။ ဘုန်းကြီးပျံပွဲက ကျွန်မတို့ မြို့နဲ့ အတန်ငယ် ဝေးပါတယ်။ တောင်တွေကို ဖြတ်ပြီး တောလမ်းက သွားရင် ငါးနာရီကျော် ကြာနိုင်ပါ တယ်။ ဂျစ်ကားနဲ့ သွားမယ်ဆိုရင်တော့ နာရီအနည်းငယ်အတွင်းမှာ ရောက်နိုင်ပါတယ်။ ဒီလိုနဲ့ပဲ ကားနဲ့ သွားမယ့်သူနဲ့ လမ်းလျှောက်သွားမယ့် သူတွေ နှစ်အုပ်စု ကွဲပါလေရော။ ကျွန်မကတော့ တောတောင်တွေ၊ မြစ်ချောင်းတွေကို နှစ်သက်လွန်းလို့ အချိန်အားရတာနဲ့ နီးစပ်ရာ တောလမ်းထဲ လမ်း လျှောက်ထွက် သွားလေ့ရှိသူဆိုတော့ ထုံးစံအတိုင်း တောလမ်းခရီး အုပ်စုထဲ ရောက်သွားပါတော့တယ်။

ဒီလိုနဲ့ နံနက် ခြောက်နာရီ လူစုပြီး၊ မွန်းမတည့်ခင် ရောက်အောင် ခရီး စနှင်ကြပါတယ်။ ကနဦးအစမှာတော့ အားလုံး ပျော်ပျော်ပါးပါးပါပဲ။ နှစ်နာရီ၊ သုံးနာရီလောက်ရောက်တော့ တချို့က စပြီး ငြီးငြူလာကြပါတယ်။ တောလမ်းခရီးကို ရွေးမိတာ မှားပြီတဲ့။ ဂျစ်ကားနဲ့သာ လိုက်သွားမိရင် ခုချိန်ဆို ရောက်လောက်ပြီလို့ ဆိုကြပါတယ်။ ခရီးကလဲ ကြမ်းသထက် ကြမ်းလာပါတယ်။ လမ်းပြပေးတဲ့ ပအိုဝ့် အမျိုးသားလူငယ်လေးကိုလဲ လမ်းမှန်ရဲ့လားလို့ လိုက်မေးကြပါတယ်။ တယောက်နဲ့ တယောက်လဲ အပြစ်မြင်လာကြပါတယ်။ စထွက်စတုန်းက လမ်းချော်တတ်တဲ့ နေရာလေးတွေဆို တယောက်နဲ့ တယောက် လက်ကမ်းပြီး ဖေးကူပေးကြပါတယ်။ အဲဒီစိတ်လေးတွေကလဲ တစတစ ပျောက်သွားသလိုပဲ။ တချို့ဆို နောက်လူတောင် မကြည့်တော့ပဲ တောင် အတက်လမ်းတွေမှာ ကိုယ့်ဘာသာကိုယ် တက်သွားတာတွေတောင် ရှိလာပါတယ်။

အဲလိုနဲ့ လျှောက်လာလိုက်ကြတာ လေးနာရီကျော်လောက်အကြာမှာ ကံကောင်းချင်တော့ ရွာလေးတရွာကို ရောက်ပါတယ်။ ဘုန်းကြီးပျံပွဲသွားမယ့် ခရီးသည်တင် ဂျစ်ကား တချို့လဲ အဲဒီမှာ ရှိနေပါတယ်။ အဲဒါနဲ့ ထွက်လာတဲ့ လူဆယ်ယောက် မျက်နှာချင်းဆိုင် ကြည့်လိုက်ကြပါတယ်။ ကားကြုံလိုက် ချင်သူတွေ ရှိရင် ဒီရွာက လမ်းဆုံပဲ မဟုတ်လား။ လေးယောက်က ကားကြုံဆက်လိုက်သွားပါတယ်။ ကျန်တဲ့ ကျွန်မတို့ ငါးယောက်နဲ့ လမ်းပြ ကောင် လေးကတော့ ခရီး ဆက်ထွက်ခဲ့ကြပါတယ်။ ဘုန်းကြီးပျံပွဲရောက်တော့ မွန်းတည့်ပြီး နေပါပြီ။ ဆာလောင်နေကြပြီမို့ ဝေနေတဲ့ ထမင်းထုပ်လေးတွေကို တန်းစီပြီး အမြန်ပြေးယူရပါတယ်။ ပြီးတော့မှ နေအရမ်း မပူမယ့် တနေရာကို ရှာပြီး မောမောနဲ့ ထိုင်စားမိကြပါတယ်။ ကျောပိုးအိတ်ထဲ ထည့်သယ်လာ ကြတဲ့ ငါးခြောက်ကြော်၊ ပဲပုတ်ထောင်းကြော်လေးတွေကို ဝေမျှ စားဖြစ်ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မ သတိထားမိသွားတာ တခုက ခရီးစထွက်လာ ကြတဲ့ သူငယ်ချင်း ကိုးယောက်လုံး ထမင်းလက်ဆုံ မစားဖြစ်ကြတော့ပေမယ့် အဲဒီနေ့ နံနက်ကမှ တွေ့ရတဲ့ လမ်းပြကောင်လေးနဲ့တော့ လက်ရေ တပြင်တည်း ထမင်းစားဖြစ်နေတာကိုပါ။

လူ့ဘဝခရီးလမ်းကို လျှောက်ကြတာမှာလဲ ဒီလိုပဲ ကြုံရဦးမယ်လို့ ဒီတုန်းက ကျွန်မတွေးလိုက်မိပါတယ်။ ပန်းတိုင်တူတိုင်းလဲ သွားကြတဲ့ လမ်းတွေက တူချင်မှ တူကြမှာပါ။ လမ်းလျှောက်ခရီးကို ရွေးပြီးမှ ခရီးမဆုံးခင် ကားကြုံလိုက်ချင်သူတွေလဲ ရှိချင်ရှိမှာပါ။ လူတဦးချင်းစီရဲ့ ခံနိုင်ရည်၊ စိတ်ဓာတ်နဲ့ ဖွဲ့၊ လုံ့လ တွေက မတူကြပါဘူး။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြရတဲ့ ဘဝတွေမို့ လမ်းဆုံမှာ လမ်းခွဲသွားမယ့် သူတွေကို အပြစ်တင်နေတာ၊ မသွားဖို့ တားနေတာတွေက အဓိပ္ပာယ် မရှိလှပါဘူး။ အရေးကြီးတာက ကိုယ်သွားရမယ့် ပန်းတိုင်အတွက်၊ ကိုယ်နဲ့ အတူ ခရီးဆက်မယ့် လူတွေရဲ့ လက်တွေကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားနိုင်ဖို့ပါပဲ။

အဲဒီသဘောတရားလေးတွေကို "ဆုပ်ကိုင်မိတဲ့ လက်ဖဝါးတိုင်း အင်အားမဖြစ်ဘူးဟေ့" ဆိုတဲ့ စာသားလေးက ပြန်ပြီး အမှတ်တရ ဖြစ်စေခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အင်အားမဖြစ်မယ့် လက်ဖဝါးတွေ အများကြီး ထိတွေ့ပြီး လက်ဖဝါးချင်း ထိခတ်နေတာထက်စာရင် အင်အားဖြစ်စေမယ့် လက်ဖဝါးလေးတွေပဲ မိမိရရ ချိတ်ဆက်လိုက်တာက ပိုပြီး အကျိုးကျေးဇူးရှိမှာတော့ အမှန်ပါပဲ။

ခင်မမမျိုး (၂၇၊ ၁၊ ၂၀၁၁)